အမည် --------------------

(တစ်ပုဒ်လျှင် ၁၀ မှတ်စီ)

၁။ အားရဝမ်းသာ ဓနမာန်ယစ်နေသူ သူဌေးကြီးသန္တာန်၌ ဖြစ်သော စိတ်နှင့် စေတသိက်ကို ဖော်ပြပါ။

(ဖြေ) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်

အညသမာန်းစေတသိက် ၁၃၊ မောစတုက် ၄၊ လောဘ၊ မာန၊ ပေါင်း ၁၉၊

၂။ ကစားစရာအရုပ်ပျောက်၍ ဟစ်အော်ငိုကြွေးနေသူ ကလေး၌ ဖြစ်နိုင်သော စိတ်နှင့်စေတသိက်ကို ဖော်ပြပါ။

(ဖြေ) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်

ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂၊ မောစတုက် ၄၊ ဒေါသ၊ ပေါင်း ၁၇၊

၃။ အတန်းထဲမှာ ကိုယ်သာလျှင် အတော်ဆုံး ဖြစ်နေစေချင်သူ၌ ဖြစ်သော စိတ်နှင့်စေတသိက်ကို ဖော်ပြပါ။

(ဖြေ) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်

ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂၊ မောစတုက် ၄၊ ဒေါသ၊ မစ္ဆရိယ ပေါင်း ၁၈၊

၄။ လူသေကောင်ကို မြင်၍ လေးနက်စွာ သေရမည့်ဘေး ထက်ထက်သန်သန် ဉာဏ်ဖြင့် ဆင်ခြင်သူ၌ ဖြစ်သော စိတ်နှင့်စေတသိက်ကို ဖော်ပြပါ။

(ဖြေ) မဟာကုသိုလ် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်

ပီတိကြဉ်သော အညသမာန်းစတေသိက် ၁၂၊
သောဘနသာဓာရဏစေတသိက် ၁၉၊ ပညာ၊ ပေါင်း ၃၂

၅။ လူသေကောင်ကို မြင်ရစဉ် ဖြစ်သော စိတ်နှင့်စေတသိက်ကို ရေးပြပါ။

(ဖြေ) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်
သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇၊

၆။ မိဘကို လုပ်ကျွေးရတာ ကုသိုလ်မဟုတ်၊ သို့သော် တာဝန်ယူသည့် အနေဖြင့် လုပ်ကျွေးသင့်သည်ဟု စွဲမြဲစွာ ယုံကြည်သူ၌ ဖြစ်သော စိတ်နှင့်စေတသိက်ကို ဖော်ပြပါ။

(ဖြေ) သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်

အညသမာန်းစေတသိက် ၁၃၊ မောစတုက် ၄၊ လောဘ၊ ဒိဋ္ဌိ၊ ပေါင်း ၁၉၊

၇။ သတင်းလွှတ်လပ်ခွင့် ယုံကြည်ပြီး နှစ်ပြည်ထောင် စစ်ဖြစ်နိုင်လောက်သည့် စကားမှန်းသိလျက် စစ်ဖြစ်စေရန် စကားပြောသူ၌ ဖြစ်သောစိတ်နှင့် စေတသိက်ကို ဖော်ပြပါ။

(ဖြေ) (က) သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်

အညသမာန်းစေတသိက် ၁၃၊ မောစတုက် ၄၊ လောဘ၊ ဒိဋ္ဌိ၊ ပေါင်း ၁၉၊

(ခ) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်

ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂၊ မောစတုက် ၄၊ ဒေါသ၊ ပေါင်း ၁၇၊